# ၁၉၅၈ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး တချက်လွှတ် ဥပဒေ။

[ 30.09.1958 ] [ 30.09.1958 ] [ [၁၉၅၁ ခုနှစ်၊ တချက်လွှတ်ဥပဒေ အမှတ် ၁။] ]

**သမတအိမ်တော်၊ ရန်ကုန်မြို့**

**၁၉၅၈ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး တချက်လွှတ် ဥပဒေ။**

**[၁၉၅၁ ခုနှစ်၊ တချက်လွှတ်ဥပဒေ အမှတ် ၁။]**

**၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်။**

**(၁၉၅၈ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်။)**

နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး တချက်လွှတ် ဥပဒေတရပ် ပြဋ္ဌာန်းစိမ့်သောငှါ၊ ချက်ခြင်းအရေးယူ ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများ ပေါ်ပေါက်သည်ဟု နိုင်ငံတော်သမတက ယူဆသောကြောင့်၊
နိုင်ငံတော်သမတသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၁၀၊ ပုဒ်မခွဲ (၁) အရ၊ အောက်ပါ တချက်လွှတ်ဥပဒေကို ထုတ်ပြန်ကျေညာလိုက်သည်။

၁။ ။ ဤတချက်လွှတ်ဥပဒေကို၊ **၁၉၅၈ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး တချက်လွှတ် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၂,၄၄,၁၂,၃၆၀ (ဤတချက်လွှတ်ဥပဒေ၏ ဇယားတွင် ဖော်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၈ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၈ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄)အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

**ဇယား။**

| **အစိုးရဌာန။** | | | | | **ခွဲဝေသုံးစွဲသည့်ငွေ။** |
|---|---|---|---|---|---|
| | | | | | ကျပ်။ |
| အကောက်တော်နှင့် နိုင်ငံတွင်း အကောက်တော် | | | .... | .... | ၄,၂၄,၉၀၀ |
| အမြတ်တော်ခွန် | | .... | .... | .... | ၉၀,၀၀၀ |
| မြန်မာနိုင်ငံတော် အောင်ဘာလေသိန်းဆု | | | .... | .... | ၉၉,၀၀၀ |
| မြေခွန်တော် | | .... | .... | .... | ၁,၆၉,၀၀၀ |
| တံဆိပ်တော်ခေါင်းများနှင့် မှတ်ပုံတင်မှု | | | .... | .... | ၅၈,၆၇၀ |
| စာပို့တိုက်နှင့်ကြေးနန်း | | .... | .... | .... | ၁,၇၀,၀၀၀ |
| ပါလီမန် | .... | .... | .... | .... | ၃,၃၃,၃၆၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | | .... | .... | .... | ၁၀ |
| အကျဉ်းထောင်များ | | .... | .... | .... | ၁၅,၃၈,၆၄၀ |
| ရဲအဖွဲ့ | .... | .... | .... | .... | ၁၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များ | | | .... | .... | ၇,၅၀,၀၀၀ |

| | |
|---|---|
| သာသနာရေးကိစ္စများ .... .... .... | ၆,၄၈,၄၅၀ |
| နိုင်ငံခြားရေး .... .... .... | ၂,၀၃,၅၀၀ |
| ပညာရေး .... .... .... .... | ၁၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး .... .... | ၂၉,၄၉,၅၇၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး သမဝါယမ ငွေစုငွေချေးလုပ်ငန်းနှင့် ငတ်မွတ်ခေါင်းပါးခြင်းကယ်ဆယ် ရေး .... | ၁၀ |
| လေကြောင်းပျံသန်းသွားလာမှု .... .... .... | ၈,၆၀,၄၆၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... .... | ၁၂,၅၅,၉၈၀ |
| ပင်ရှင်လစာငွေများ .... .... .... | ၁၈,၇၄,၁၀၀ |
| အထွေထွေ .... .... .... | ၃၀ |
| ကာကွယ်ရေး .... .... .... | ၁၀ |
| ပြည်နယ်အစိုးရများသို့ ထောက်ပံ့ငွေ .... .... | ၁,၀၄,၆၅,၉၀၀ |
| မြေခွန်တော်အတွက် မ,တည်ငွေရင်း .... .... | ၁,၅၉,၉၃၀ |
| ယစ်မျိုးအတွက် မ,တည်ငွေရင်း .... .... .... | ၈၈,၄၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှုအတွက် မ,တည်ငွေရင်း .... .... | ၇,၁၂,၄၀၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေးအတွက် မ,တည် ငွေရင်း .... | ၁၀ |
| မြို့ပြဆိုင်ရာ လုပ်ငန်းများအတွက် မ,တည်ငွေရင်း .... .... | ၁၅,၆၀,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း .... | ၁၀ |
| ပေါင်း .... | ၂,၄၄,၁၂,၃၆၀ |

ဦးဝင်းမောင်၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်။
(၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။
[အမှတ် ၅၉]